အဒွင်းကျေးရွာ

မြိတ်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ - ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အဒွင်းကျေးရွာ၊မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်နှင့် ကျေးရွာဖွံ့ဖြိုးရေး

ကော်မတီတို့ပူးပေါင်းရေးဆွဲသည်။)

၂၀၂၀ခုနှစ်၊ဇန်နဝါရီလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	အဒွင်းကျေးရွာသယံဇာတပြမြေပုံ၊မြို့တော်မြို့နယ်	၅
၁။	**တည်နေရာနှင့်ပထဝီဝင်အနေအထား**	၆
၂။	**ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံစိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးနှင့်ငါးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၉
၅။	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	၉
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာမီးလင်းရေး	၁၀
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၀
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**	၁၁
၈။	**ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၂
၉။	**ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**	၁၂
၁၀။	**ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**	၁၄
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၇
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	၁၈
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	၅၆
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁)	၆၃
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂)	၆၅
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃)	၆၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွေထားသည့် ၂၀၁၉/၂၀၂၀ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည် ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ် ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက် အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာန ဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ

အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအား ထုတ်မှုအခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့်ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြဇယား၊ နှစ်စဉ်ဦးစားပေး စီမံချက်အဆိုပြုလွှာစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။

ဇန်နဝါရီလ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အဖွင့်ကျေးရွာ

မြိတ်မြို့နယ်


အဒွင်းကျေးရွာကျေးရွာသယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်



အဒွင်းကျေးရွာ Seasonal Calendar



အဒွင်းကျေးရွာ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



၁။တည်နေရာနှင့်ပထဝီဝင်အနေအထား

အဒွင်းကျေးရွာသည် ကျောက်ဖျာကျေးရွာအုပ်စုတွင်ပါဝင်ပြီး မြိတ်မြို့နယ်၏ အလယ်ပိုင်း၊ မြောက်လတ္တီကျူ၁၂° ၃၄' ၀၄" နှင့်၉၈°၃၄' ၃၈" အကြား အရှေ့လောင်ဂျီကျူ၉၈° ၄၀'၃၄"နှင့်၁၂°၃၁' ၀၈" အကြားတွင်တည်ရှိပါသည်။ ကျောက်ဖျာ ကျေးရွာအုပ်စုသည် အရှေ့မှအနောက်သို့(၃.၃၇)မိုင်နှင့်တောင်မှမြောက်သို့ (၅.၉၇)မိုင် ရှည်လျား ပါသည်။ မြိတ်မြို့မှ(၁၀)မိုင်ခန့်ကွာဝေးပါသည်။ အဒွင်းကျေးရွာ၏ အရှေ့ဘက်တွင် ပင်းအိုကျေးရွာအုပ်စု၊အနောက်ဘက်တွင်ကဘင်းရွာ၊တောင်ဘက်တွင်သဘွတ်ကျေးရွာအုပ်စု၊ မြောက်ဘက်တွင်သမုတ်ကျေးရွာအုပ်စုနှင့်နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါသည်။ ကျေးရွာ၏ တောင်ကုန်းတောင်တန်းများရှိပြီး မြောက်ဘက်တွင်မြစ်ချောင်းများရှိ၍ မြေပြန့်လွင်ပြင် အနည်းငယ်သာရှိပါသည်။ သမုတ်မြစ်ကမ်းနံဘေးတွင်တည်ရှိသောကြောင့် အနီး ပတ်ဝန်းကျင်ရှိကျေးရွာများသို့ စက်လှေငယ်များဖြင့်သွားလာနိုင်ပါသည်။ အဒွင်းကျေးရွာ သည် ပင်လယ်ရေမျက်နှာပြင်အောက်(၁၅)ပေတွင်တည်ရှိပါသည်။

၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

အဒွင်းကျေးရွာသည် ပူနွေးစိုစွတ်သောရာသီဥတုရှိ၍ အမြင့်ဆုံးအပူချိန်၄၀ဒီဂရီစင်တီ ဂရိတ်နှင့်အနိမ့်ဆုံးအပူချိန်၂၃ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ အဒွင်းကျေးရွာတွင် ပေါက် ရောက်သည့်သဘာဝပေါက်ပင်များမှာ ဂန့်ဂေါ်၊ ကနစို့၊ သက်ိန်း၊ ဥဘန်၊ ကညင်ပင်များဖြစ်ပါ သည်။ တောရိုင်းတိရိစ္ဆာန်များမှာ တောကြောင်၊သင်းခွေချပ်၊တောဝက်၊တောကြွက်၊ မျောက် အမျိုးမျိုးတို့ဖြစ်ကြပါသည်။

၃။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

အဒွင်းကျေးရွာတွင်အိမ်ထောင်စု (၁၃၉) စုရှိပြီး၊လူဦးရေစုစုပေါင်း (၆၉၃)ဦး ရှိပါသည်။ ကျေးရွာ၏လူမှုရေး၊ ပညာရေး၊ ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ဂေါပကအဖွဲ့၊ ပရဟိတအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ အမျိုးသား/အမျိုးသမီးအဖွဲ့စသည်ဖြင့် ဖွဲ့စည်းထားသော်လည်း အဖွဲ့အချင်းချင်းဆက်သွယ်ဆောင်ရွက်မှု အားနည်းလျက်ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ကာရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သောဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ **အဒွင်းကျေးရွာတွင်** World Vission , Vission Fund **နှင့်** korea Hanar

နိုင်ငံတကာအဖွဲ့အစည်း (၃) ခုသာရှိ၍အဖက်ဖက်မှ ဝိုင်းဝန်းထောက်ပံ့ပေးနေသည့် အခြားအဖွဲ့အစည်းများနှင့်ချိတ်ဆက်ရန်လိုအပ်နေပါသည်။

၄။စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

အဒွင်းကျေးရွာတွင် လယ်မြေ (၈၀) ဧက၊တောင်ယာမြေ (၄) ဧကနှင့်ဥယျာဉ်ခြံမြေ (၁၀၆) ဧက စုစုပေါင်း (၁၉၀) ဧကရှိပါသည်။တောင်သူငယ်များပြားပြီး၊(၁၂.၅) ဧကအထက်ရှိ တောင်သူကြီး (၆) ဦးသာရှိ၍ စိုက်ပျိုးမြေပိုင်ဆိုင်သည့်အိမ်ထောင်စု (၃၀)အိမ်သာရှိပါသည်။ ကျန်အိမ်ထောင်စုများမှာ ကျေးရွာတွင်ရှိသည့် စက်ရုံအလုပ်ရုံဖြစ်သည့်(ငါးစည်သွပ်) နှင့် OKဆန်စက်ရုံတွင် အလုပ်လုပ်ကိုင်သည့်အိမ်ထောင်စု၊ ကားမောင်းသည့်အိမ်ထောင်စု၊ ကျပန်းလုပ်ငန်း လုပ်ကိုင်သည့်အိမ်ထောင်စုအများအပြားရှိပါသည်။

မိုးရေကိုသာအဓိကအားထားပြီးစိုက်ပျိုးပါသည်။ ကျေးရွာတွင် အဓိကစိုက်ပျိုးသည့် သီးနှံမှာစပါးဖြစ်ပြီး ရော်ဘာ၊ကွမ်းနှင့်သီးပင်စားပင်များကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိပါသည်။ စိုက်ပျိုးသည့်လယ်ယာမြေများသည် မြေဆီလွှာများပျက်စီးခြင်း၊ သီးနှံအထွက်နှုန်းနည်းခြင်း၊ ဆားငန်ရေဝင်ရောက်ခြင်း၊ သီးနှံပိုးမွှားရောဂါကျရောက်ခြင်းများရှိသည့် အတွက်ဈေးကွက်မမီသည့် သီးနှံများဖြစ်ပေါ်လျက်ရှိပါသည်။ ရော်ဘာဈေးနှုန်းသည် ကျဆင်းလျက်ရှိသည့်အတွက်အခက်အခဲများဖြစ်နေပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် နည်းပညာပေးသင်တန်းများ၊ ရော်ဘာဈေးကောင်းရရှိရေးအတွက်လိုအပ်သော ဆွေးနွေးမှုများပြုလုပ်ရန်လိုအပ်နေပါသည်။ လယ်ယာလုပ်ငန်းလုပ်ကိုင်သူများတွင် ကိုယ်ပိုင်စက်ကိရိယာများဖြင့် လုပ်ကိုင်သူအနည်းငယ်သာရှိပါသည်။ အချို့တောင်သူများမှာ လယ်ယာသုံးကိရိယာများကို ငှားရမ်းလုပ်ကိုင်နေကြပါသည်။

အဒွင်းကျေးရွာတွင် သီးနှံအထွက်နှုန်းတိုးစေရန်အတွက် မျိုးကောင်းမျိုးသန့်သုံးစွဲနိုင်ရန်နှင့် ဓာတုပိုးသတ်ဆေးများအန္တရာယ်ကင်းစွာဖြင့် စနစ်တကျအသုံးပြုနိုင်စေရန် နည်းပညာသင်တန်းများလိုအပ်ပါသည်။ လယ်ယာမြေများတိုးချဲ့လုပ်ကိုင်နိုင်ခြင်း မရှိသည့် အပြင်စိုက်ပျိုးရေလည်း လုံလောက်မှုမရှိပါ။ သီးနှံအထွက်နှုန်းတိုးလာအောင် မျိုးကောင်းမျိုးသန့်များပြောင်းလဲသုံးစွဲလာစေရန် ပညာပေးဟောပြောမှုများလိုအပ်ပါသည်။ ထို့အပြင် မြေဆွေး၊ အော်ဂဲနစ်များထည့်သွင်းအသုံးပြုမှုနှင့်ပတ်သက်၍ သုံးစွဲနည်းများကိုလည်း လက်လှမ်းမီကျင့်သုံးနိုင်ရန်အခက်အခဲများရှိနေပါသည်။

အဒွင်းကျေးရွာတွင်စိုက်ပျိုးသီးနှံများမှာစပါး၊ ရာဘာ၊ ကွမ်းသီး၊ အုန်းသီးနှင့် ရာသီပေါ်သီးပင်စားပင်များစိုက်ပျိုးကြပါသည်။ရာဘာနှင့်ကွမ်းသီးပင်များဖြစ်ပါသည်။

(ခ) မွေးမြူရေးနှင့်ငါးလုပ်ငန်း

အဒွင်းကျေးရွာတွင်နွားမွေးမြူထားသည့်အိမ်ထောင်စု (၆) အိမ်ရှိပြီး နွားကောင်ရေ (၁၈) ကောင်၊အိမ်ထောင်စု (၁၈) အိမ်မှဝက် (၆၀) ကောင်၊အိမ်ထောင်စု (၁၂၀) အိမ်မှကြက် (၁၃၀၆) ကောင်စသည်ဖြင့်တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ အချို့အိမ်ထောင်စုများမှာ စီးပွားဖြစ်မွေးမြူသော်လည်း ဈေးကောင်းမရရှိသည့်အတွက်ကျေးရွာတွင်သာ ရောင်းချကြခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိရန်လိုအပ်လျက်ရှိပြီး တိရစ္ဆာန်ရောဂါကျရောက်မှုရှိသည့်အတွက်ကျေးရွာသို့မွေး/ကုဋီးစီးဌာနမှ ဆရာဝန်များမှလည်းအချိန်မီလာရောက်ကုသနိုင်ခြင်းမရှိသဖြင့် ရောဂါကာကွယ်ကုသနည်းလမ်းများတွင် ဝန်ဆောင်မှုအားနည်းလျက်ရှိပါသည်။

မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် အခွင့်အလမ်းများမှာမွေးမြူရေးလုပ်ငန်းအတွက်လိုအပ်သောရေအတွက်လုံလောက်စွာရရှိနိုင်ခြင်းနှင့် မျိုးကောင်းတိရစ္ဆာန်များကိုအသင့်တင့်ဝယ်ယူရရှိနိုင်ပါသည်။စားကျက်မြေမရှိသောကြောင့်တိရစ္ဆာန်များကိုလွတ်လပ်စွာမမွေးမြူနိုင်သည့်အခက်အခဲများဖြစ်နေပါသည်။မွေးမြူရေးနှင့်သက်ဆိုင်သောနည်းပညာပေးသင်တန်းများ၊မျိုးကောင်းမျိုးသန့်ရရှိနိုင်သည့်နေရာများ၊မွေးမြူသည့်နည်းစနစ်များရရှိအောင်ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါသည်။

ငါး/ပုစွန်သားပေါက်များမွေးမြူရန်အတွက် ရေမြေအနေအထား အသင့်တင့်ကောင်းမွန်ပြီး ထုတ်ကုန်များကို လွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည့်အတွက် မွေးမြူရေးနှင့်သက်ဆိုင်သောနည်းပညာပေးသင်တန်းများ၊ မျိုးကောင်းမျိုးသန့်ရရှိနိုင်သည့်နေရာများ၊မွေးမြူသည့်နည်းစနစ်များရရှိအောင်ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါသည်။ ငါး/ပုဇွန်မွေးမြူရန်အတွက် သားပေါက်လက်လှမ်းမီမှုမရှိခြင်း၊ သွင်းအားစုများဝယ်ယူမရရှိခြင်း၊ နည်းပညာအကူအညီများမရရှိခြင်းတို့ရှိသည့်အတွက် နည်းပညာပေးသင်တန်းများဖွင့်လှစ်ပို့ချပေးရန်လိုအပ်လျက်ရှိပါသည်။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

အဒွင်းကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများမှာ အပ်ချုပ်သမား၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်နှင့်ဥယျာဉ်ခြံများတွင် အငှားလိုက်လုပ်သူ၊ လယ်ယာစိုက်ပျိုးရေးတွင်အငှားလုပ်သူ၊ရေလုပ်ငန်းတွင်လှေလိုက်သူစက်ရုံအလုပ်ရုံဖြစ်သည့် (ငါးစည်သွပ်) နှင့် OK ဆန်စက်ရုံတွင် အလုပ်လုပ်ကိုင်သူစသည့်ကျပန်းလုပ်ငန်း

လုပ်ကိုင်သူများဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ပြီး ကုန်ကြမ်းအသင့်အတင့် ရရှိနေခြင်းကလည်းအခွင့်အလမ်းကောင်းများဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ၏ ပြဿနာမှာကျေးရွာတွင် နေထိုင်သောသူအချို့သည် အခြားနိုင်ငံသို့သွားရောက်လုပ်ကိုင်သည့်အတွက် လုပ်သားအင်အားရှားပါးခြင်း၊ အခြားဒေသထွက်ကုန်များမှာလည်းဈေးကွက်မရှိခြင်း၊ လျှပ်စစ်မီးအနေဖြင့် (၂၄)နာရီမီးမရရှိသေးသည့်အတွက် ကျေးရွာတွင်အစုရှယ်ယာ(၃)ဦး၏ ငွေဖြင့်ဒီဇယ်အင်ဂျင်ဖြင့် မီးပေးဝေထားမှုရှိပါသည်။ နံနက်(၉နာရီမှ၁၁နာရီထိ)နှင့်ညနေ (၆နာရီမှညဉာနာရီထိ) သုံးစွဲမှုအတွက်တစ်ယူနစ်လျှင် (၆၅၀)ကျပ်ပေးဆောင်ရပါသည်။ အချို့အိမ်ထောင်စုများမှာ ဖယောင်းတိုင်နှင့်ရေနံဆီမီးခွက်များကိုသုံးစွဲလျက်ရှိပါသည်။ ကျေးရွာတွင်မဟာဓာတ်အားလိုင်းရရှိမည်ဆိုပါက ကျေးရွာအတွက်အဖက်ဖက်မှ လူမှုရေးကိစ္စအဝဝအတွက်အထောက်အကူဖြစ်လာပါမည်။ အသက်မွေးဝမ်းကျောင်းပညာများအား အဆင်ပြေသည့်အိမ်ထောင်စုများမှ သားသမီးများသာသင်ယူနိုင်သည့်အတွက် ဆင်းရဲသည့် မိသားစု များအတွက်အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်ခြင်းမရှိပါ။ ထို့ကြောင့် ကျေးရွာတွင်ရှိ သောအမျိုးသမီး/အမျိုးသားငယ်များအတွက် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန်လိုအပ်နေပါသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

အဒွင်းကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်သမဝါယမချေးငွေမှကာလတို ချေးငွေများသာရရှိပါသည်။အချို့တောင်သူများမှာပုံစံ (၇)ရရန်အခက်အခဲများရှိသည့်အတွက် ချေးငွေမရယူသည်များရှိပါသည်။ သမဝါယမချေးငွေသည်လည်း အသင်းဝင်ထားသည့် သူများသာ ချေးသည့်အတွက အသင်းဝင်ထားခြင်းမရှိသူများချေး၍ မရသည်များရှိပါသည်။ Vision Fund နှင့် Korea Hanarမှလည်းချေးငွေကိစ္စအတွက် လုပ်ဆောင်ပေးလျှက်ရှိပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ငွေကြေးမလုံလောက်သည့်အတွက် ချေးငွေပြန်ဆပ်ချိန်တွင်အချိန်မီပြန်ဆပ်နိုင်ခြင်းမရှိပါ။ ကျေးရွာတွင်ငွေချေးပေးသူများထံမှ အတိုးနှုန်းကြီးစွာဖြင့်ချေးယူ၍ မိသားစုစားဝတ်နေရေးကို ဖြေရှင်းကြရသည်။ ထို့ကြောင့် ကာလရှည်ချေးငွေများချေးယူရရှိမည်ဆိုပါက မိမိတို့လုပ်ကိုင်နေသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင်ပိုမိုရင်းနှီးမြှုပ်နှံနိုင်လာမည်ဖြစ်ပါသည်။

၅။အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

အဒွင်းကျေးရွာတွငသ ယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်နှင့်ကားကိုသာအဓိက ထားအများဆုံးအသုံးပြုကြပါသည်။ဆိုင်ကယ် (၆၀) စီး၊သုံးဘီးဆိုင်ကယ် (၁) စီး၊ထော်လာကျီ (၆) စီး၊ကား (၄) စီး၊စက်ဘီး (၂၀) စီးနှင့်လှေ(၁၃)စီးဖြင့်အသုံးပြုကြပါသည်။ ကမ်းဝေး/ ကမ်းနီးငါးဖမ်းလုပ်ငန်းပြုလုပ်သည့်အချိန်တွင်လှေ/ စက်လှေကိုအသုံးပြုကြပါသည်။

အဒွင်းကျေးရွာတွင်ရှိသည့် ကျေးရွာတွင်းလမ်းသည် ကွန်ကရစ်လမ်းဖြစ်သည့် အတွက် သွားလာရအဆင်ပြေကောင်းမွန်ပါသည်။ သို့ရာတွင်ကျေးရွာမှ စက်ရုံအလုပ်ရုံသို့ သွားသည့် လမ်းသည်မြေသားလမ်းဖြစ်သည့်အတွက် ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင် ပေးရန်လိုအပ်လျက်ရှိပါသည်။

အဒွင်းကျေးရွာတွင်ရေပြွန်(၃)စင်းရှိပါသည်။ ထိုရေပြွန်များမှာလည်း ကွန်ကရစ်ဖြင့် ပြုလုပ်ထားသောကြောင့် ယခုအနေအထားတွင်ကောင်းမွန်လျက်ရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

အဒွင်းကျေးရွာတွင် မဟာဓာတ်အားလိုင်းနှင့်ချိတ်ဆက်သုံးစွဲနိုင်ခြင်းမရှိသေးပါ။ ကျေးရွာတွင် အစုရှယ်ယာ(၃)ဦး၏ငွေဖြင့် ဒီဇယ်အင်ဂျင်ဖြင့်မီးပေးဝေထားမှုရှိပါသည်။ နံနက်(၉နာရီမှ၁၁နာရီထိ)နှင့်ညနေ (၆နာရီမှညဉာနာရီထိ) သုံးစွဲမှုအတွက်တစ်ယူနစ်လျှင် (၆၅၀)ကျပ် ပေးဆောင်ရပါသည်။ အချို့အိမ်ထောင်စုများမှာ ဖယောင်းတိုင်နှင့် ရေနံဆီမီးခွက်များကို သုံးစွဲလျက်ရှိပါသည်။ ကျေးရွာတွင်မဟာဓာတ်အားလိုင်း ရရှိမည်ဆိုပါကကျေးရွာအတွက် အဖက်ဖက်မှလူမှုရေးကိစ္စအဝဝအတွက် အထောက်အကူ ဖြစ်လာပါမည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

အဒွင်းကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကိုဖုန်း (၂၁၁) လုံး၊ ရေဒီယို (၃၀) လုံး၊တီဗွီ (၂၀) လုံး၊ဂြိုလ်တုစလောင်း (၆) လုံးစသည်တို့မှ ရရှိသည့်အပြင် လူကြီးများသည်ဖုန်းကို စနစ်တကျသုံးစွဲတတ်ခြင်းမရှိပါ။ ကျေးရွာတွင် သတင်း အချက်အလက်များကို အချိန်နှင့်တပြေးညီသိရှိရပါသည်။ ကျေးရွာတစ်ရွာလုံး ဖုန်းလိုင်း မိသည့်အခြေအနေ တွင်ရှိပါသည်။

၆။ပညာရေး

အဒွင်းကျေးရွာတွင်ကျေးရွာလုံးကျွတ်စာတတ်မြောက်ကြပါသည်။ ဘွဲ့ရသူဦးရေ (၆၀) ဦးအထိရှိနေပြီဖြစ်သည်။မူလတန်းပညာပြီးမြောက်မှုမှာ (၂၆၀) ဦး၊ အလယ်တန်းပညာပြီးမြောက်မှုမှာ (၁၇၂) ဦးနှင့်အထက်တန်းပညာပြီးမြောက်မှုတွင် သိသာစွာလျော့နည်းလာပါသည်။သို့သော်အထက်တန်းပညာရေးပြီးဆုံးနှုန်းနှင့်တက္ကသိုလ်ပညာပြီးဆုံးသူနှုန်းတို့မှာ (၂) ပုံ (၁) ပုံခန့်ကွာသည့်အတွက် အထက်တန်းပညာပြီးဆုံးရေးသည် ပညာရေးတိုးတက်မှုအတွက် အဓိကဖြစ်ပြီးမူလတန်းအဆင့်နှင့်အလယ်တန်းအဆင့်သာအတန်းပညာပြီးမြောက်မှုများပြားနေပါသည်။**ကျေးရွာတွင်**ကျောင်းသား/သူဦးရေ (၁၀၀) ကျော်ရှိပါသည်။မူလတန်းအဆင့်အခမဲ့ပညာသင်ကြားရေးစနစ်ကြောင့်လုံးဝကျောင်းမနေသူဦးရေမရှိသည့်အပြင်ဘာသာရေးအခြေပြုကျောင်းများတွင်နေထိုင်သူများလည်းမရှိပါ။**လက်ရှိမူလတန်းတက်ရောက်နေသူဦးရေမှာ(၆၂) ဦးရှိပြီး၊အလယ်တန်းကျောင်းတက်နေသူဦးရေမှာ (၅၄) ဦးနှင့်အထက်တန်းကျောင်းတက်နေသူဦးရေမှာ (၂၈) ဦးရှိပါသည်။ ကျောင်းသားအချို့သည်**ကျောင်းဖွင့်ရက်တိုင်းစက်ဘီး၊ဆိုင်ကယ်၊လမ်းလျှောက်သွားကြပါသည်။မြိတ်တက္ကသိုလ်နှင့်အခြားအသက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင်တက်ရောက်နေသူများမှာ (၁၀) ဦးရှိပါသည်။

အဒွင်းကျေးရွာတွင်စာသင်ကျောင်းမရှိပါ။ ကျေးရွာနှင့်နီးစပ်သည့်ကျောက်ဖျာကျေးရွာတွင်ရှိသည့်အ.လ.က(ခွဲ)ကျောင်းတွင်ကျောင်းသား/သူများတက်ရောက်ကြပါသည်။ကျေးရွာနှင့်နီးသည့်အတွက်ကျောင်းသား/သူများအတွက်သွားလာရအခက်အခဲမရှိပါ။

အဒွင်းကျေးရွာတွင်အခမဲ့ပညာရေးစနစ်ကိုအကောင်အထည်ဖော်နေသည့်အတွက်ဆင်းရဲသောမိသားစုများအတွက်လည်းအခက်အခဲမရှိကျောင်းတက်ခွင့်ရနေပါသည်။မူကြိုကျောင်းဆောက်လုပ်ရန်နှင့်ကုန်ကျစရိတ်သက်သာသောကလေးအားကစားကွင်းတစ်ခုလည်းလိုအပ်နေပါသည်။ ကျောင်းသား၊ကျောင်းသူများအားစာကျက်ဖြစ်စေရန်တိုက်တွန်းအားပေးရန်နှင့်စာကျက်ဝိုင်းများပြုလုပ်ပေးရန်အတွက်မိဘများမှဝိုင်းဝန်းဆောင်ရွက်ရန်မှာလွန်စွာအရေးပါလှပါသည်။

၇။ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

အဒွင်းကျေးရွာတွင် ကာကွယ်ဆေးထိုးနှုန်းမှုများ လစဉ်ပြုလုပ်ပေးလျက်ရှိပါသည်။ကျေးရွာတွင် သားဖွားဆရာမ(၁)ယောက်ရှိသည့်အတွက် အဆင်ပြေပါသည်။ကျန်းမာရေးအထောက်အကူပြု ယာဉ်ရှိသည့်အတွက် အရေးပေါ်ကျန်းမာရေးကိစ္စပေါ်ပေါက်လာပါကလည်းအချိန်မီသွားရောက်ကုသနိုင်ပါသည်။ကျေးရွာတွင်ကျေးလက်ကျန်း

မာရေးဌာနခွဲမရှိပါ။ ကျေးရွာနှင့် (၁) မိုင်ခန့်ဝေးသည့်ကျောက်ဖျာကျေးရွာအုပ်စုတွင်သာ ကျေးလက်ကျန်းမာရေး ဌာနခွဲရှိပါသည်။ အရေးပေါ်အခြေအနေများဖြစ်ပေါ်မှသာ မြိတ်ခရိုင်ပြည်သူ့ဆေးရုံကြီးသို့သွား ရောက်ကုသကြပါသည်။ ကျေးရွာတွင် ဆေးဆိုင် ရှိသော်လည်း စနစ်တကျသိမ်းဆည်းထားခြင်းအားနည်းပါသည်။

အဒွင်းကျေးရွာတွင် ရေတွင်း(၂)တွင်းသာရှိပါသည်။ အိမ်ထောင်စုအများစုသည် ရေတွင်းကိုသာအဓိကအသုံးပြုကြပါသည်။ ကျေးရွာရှိအိမ်ထောင်စုများမှ ပိုင်ဆိုင်သည့် အဝိစိတွင်း (၄)တွင်းရှိပါသည်။ ကျေးရွာတွင် သောက်သုံးရေမလုံလောက်သည့်အတွက် အဝိစိတွင်း များမှရေကိုယူ၍ကားဖြင့်လိုက်လံရောင်းချကြပါသည်။ ရေတစ်ပီပါလျှင် (၃၀၀)ကျပ်ဖြင့် ဝယ်ယူအသုံးပြုနေရပါသည်။ ထို့ကြောင့်ကျေးရွာတွင် သောက်သုံးရေ အလုံအလောက်ရရှိရေးအတွက် အဝိစိတွင်းတူးဖော်၍ဂါလံ(၅၀၀၀)ဆံ့အုတ်ရေကန် တည်ဆောက်ပြီးအိမ်သွယ်ရေတိုင်စနစ်ထူထောင်ရန်ဆန္ဒရှိကြပါသည်။

အဒွင်းကျေးရွာသည်မြို့နှင့်နီးသည့်အတွက် ကျေးရွာတစ်ရွာလုံးသန့်ရှင်းသော ယင်လုံရေလောင်းအိမ်သာ အသုံးပြုကြပါသည်။ကျေးရွာတွင်ကျန်းမာရေးနှင့်ပတ်သက်သည့် ပြဿနာများဖြစ်ပေါ်နိုင်ပါသည်။ထို့ကြောင့်ဟောပြောပွဲများပြုလုပ်ရန်လိုအပ်လျက်ရှိပါသည်။

၈။ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

အဒွင်းကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကျရောက်မှုမရှိပါ။ သို့ရာတွင်မိုးရွာသွန်းမှုများသည့်အချိန်တွင် ရေကြီးမှုများဖြစ်ပေါ်လျက် ရှိပါသည်။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်းဆောင် ရွက်ထားမှုမရှိပါ။ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာလျှင် ထိခိုက်လွယ်မည့်အုပ်စုမှာ (၃၀%) ခန့်ရှိနိုင်ပါသည်။ အမှိုက်စွန့်ပစ်ရာတွင် စနစ်တကျ စွန့်ပစ်မှုအားနည်းလျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ ကျေးရွာသားများသည်ကောင်းကျိုးဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို တက်ကြွစွာပါဝင်လုပ်ဆောင်လာမည်ဖြစ်ပါသည်။

၉။ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

အဒွင်းကျေးရွာတွင် အလုပ်လုပ်နိုင်သောအမျိုးသမီးနှင့် အမျိုးသားဦးရေမှာ ဆတူနီးပါးပင်ဖြစ်သည်။ ကျေးရွာရှိအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင် နည်းပါးပါသည်။ ကျေးရွာရှိအုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများ

သည်အမျိုးသားများနှင့် တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချကောန် တိုးတက်ပြောင်းလဲလာပါမည်။ အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို မြင့်တင် ပေးပြီးကျေးရွာရှိစီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည် ဖြစ်ပါသည်။ **အမျိုးသမီးရေးရာအကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက်အသိအမြင်မရှိသဖြင့်ပညာပေးသင်တန်းများ၊ဟော ပြောပွဲများပြုလုပ်ရန်လိုအပ်နေပါသည်။**

၁၀။ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - ကျောက်ဖျာ			ကျေးရွာအမည် - အဒွင်း	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများစီစဉ်ဆောင်ရွက်ခြင်း။	
၂	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	ရွာလုံးကျွတ်အစည်းအဝေးကို လစဉ်ပုံမှန်ပြုလုပ်၍ လိုအပ်ချက်များကို အစည်းအဝေးတွင် ဖော်ထုတ်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့်ထုတ် လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၅	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နှင်းရေး နည်းပညာ သင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၆	စိုက်ပျိုးရေး	ဈေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။	
၇	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။	
၈	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ် မွေး/ကုဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၉	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မွေးမြူရေးဈေးကွက် ဆန်းစစ်ခြင်းနှင့် ထုတ်ကုန် ဈေးကွက်ကောင်း ရရှိရန် ချိတ်ဆက်ခြင်း။	
၁၀	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	
၁၁	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့်, မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်၊ ဖုန်းပြင်)	
၁၂	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။	
၁၃	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	

ကျေးရွာအုပ်စုအမည် - ကျောက်ဖျာ			ကျေးရွာအမည် - အဒွင်း	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁၄	ငွေကြေး	အသေးစား	အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။	
၁၅	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	စာသင်ကျောင်းတွင် လိုအပ်သော ပရိဘောဂပစ္စည်း ပြည့်ဝစွာရရှိအောင် ဆောင် ရွက်ခြင်း။	
၁၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	အားကစားပစ္စည်းများ ဖြည့် တင်းခြင်း။	
၁၇	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	မူကြိုကျောင်း တည်ဆောက်ခြင်း။	
၁၈	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ရာသီအလိုက်ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။	
၁၉	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	စက်ရုံသွားလမ်းအား ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း	ဒုတိယ
၂၀	အခြေခံအဆောက်အဦ	သောက်သုံးရေ	စက်ရေတွင်းတူးဖော်၍ဂါလံ(၅၀၀၀)ဆံ့ရေကန်တည်ဆောက်၍ အိမ်သွယ်ရေတိုင်စနစ်ထူထောင်ခြင်း	ပထမ
၂၁	အခြေခံအဆောက်အဦ	အဆောက်အဦ	ကျေးရွာခန်းမဆောင် ဆောက်လုပ်ခြင်း။	တတိယ
၂၂	လျှပ်စစ်	မဟာဓာတ်အားလိုင်း	လျှပ်စစ်မီး ချိတ်ဆက်သွယ်တန်းရန် သက်ဆိုင်ရာ ဦးစီးဌာန/ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့်ချိတ်ဆက်ခြင်း။	
၂၃	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည် မြင့်တင်ရေး သင်တန်းများ ပြုလုပ်ခြင်း။	
၂၄	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ဗဟုသုတ ဆွေးနွေးလေ့လာ နိုင်မည့် နေရာတစ်ခု စီစဉ်ခြင်း။	
၂၅	လူငယ်နှင့်အားကစား	အားကစား	အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များ အတွက် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။	
၂၆	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	အမျိုးသမီးများအား တရားဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ် ခြင်း။	
၂၇	သယံဇာတနှင့်သဘာဝ ဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။	

နောက်ဆက်တွဲ (၁)

အဒ္ဒင်းကျေးရွာ၊ကျောက်ဖျာကျေးရွာအုပ်စု၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးတိုးလွင်	ဦးအောင်ရင်	ဖ/မအရ(နိုင်)၀၆၃၁၃၃	၄၉	နာယက	၀၉၄၂၁၁၃၉၃၅၀
၂	ဦးအောင်မျိုးလင်း	ဦးဝင်းစိန်	ဖ/မမန(နိုင်)၁၇၀၃၄၃	၃၁	နယက	၀၉၂၅၀၆၁၅၈၂၉
၃	ဦးသန်းဌေး	ဦးထွန်းကြည်	ဖ/မအရ(နိုင်)၀၆၁၇၄၄	၅၃	ဥက္ကဋ္ဌ	၀၉၄၅၀၉၉၂၂၈၂
၄	ဦးကြည်ဝင်း	ဦးလေးမောင်	ဖ/မအရ(နိုင်)၀၆၃၃၆၃	၆၀	အတွင်းရေးမှူး	-
၅	ဒေါ်အင်ပွား	ဦးသာညွှန့်	ဖ/မအရ(နိုင်)၀၆၃၄၄၈	၅၀	ဘဏ္ဍာရေးမှူး	၀၉၂၄၂၉၂၂၄၁၄
၆	ဦးဘိုဘိုအောင်	ဦးစိန်သန်း	၁၂/လသန(နိုင်)၀၂၁၁၉၈	၃၆	စာရင်းကိုင်	၀၉၄၅၅၂၂၁၁၇၆၆
၇	ဦးနောင်ထိုက်	ဦးခင်မောင်ဆွေ	၁၄/မမန(နိုင်)၁၀၈၃၄၅	၄၄	အဖွဲ့ဝင်	၀၉၂၅၁၀၀၃၁၄၈
၈	ဒေါ်မိမိခိုင်	ဦးငွေလင်း	ဖ/မမန(နိုင်)၂၀၉၉၇၀	၃၁	အဖွဲ့ဝင်	၀၉၆၉၉၇၅၅၉၉၇၅
၉	ဒေါ်တင်ဇာနွယ်	ဦးလှညာဏ်	ဖ/မမန(နိုင်)၁၁၉၅၉၁	၃၈	အဖွဲ့ဝင်	၀၉၆၉၉၇၅၅၉၉၇၅

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁	၅	၆
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၂၅	၂၅	၅၀
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၄	၂၅	၅၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၃	၅၆	၉၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၃၆	၂၁၁	၄၄၇
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၁၅	၁၈	၃၃
စုစုပေါင်း		၃၅၄	၃၃၉	၆၉၃
စုစုပေါင်း အိမ်ထောင်စု		၁၃၉		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။အဒွင်းကျေးရွာတွင်အိမ်ထောင်စု (၁၃၉) စုရှိပြီး၊လူဦးရေစုစုပေါင်း (၆၉၃) ဦးရှိပါသည်။ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးရှိပါသည်။အသက် (၁၅နှစ်မှ၆၄နှစ်) အထိ အလုပ်လုပ်နိုင်သောလူဦးရေမှာ(၆၄.၄)% ရှိပြီးအလုပ်မလုပ်နိုင်သည့်လူဦးရေစုစုပေါင်း(၃၅.၆%) သည် မှီခိုသူများဖြစ်ကြပါသည်။**ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏အများသားအဆင့်ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းနှင့်အတူတူပင် ဖြစ်ပါသည်။ ကျေးရွာအတွင်းအလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ထောက်ပံ့မှုပေးနိုင်ပါသည်။**

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ဝေစု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း	၂၁	၃၄	၉	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှနံရာတစ်ခုကို သာရွေးရန်။)
		အိမ်ငေါင်စု	မိသားစုဝင် လုပ်အား		
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁၃	၁၃	၂၅	မြင့်□လတ်□နိမ့်☑
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၄	၅	၂	မြင့်□လတ်☑နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၅		မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှနံရာတစ်ခုကို သာရွေးရန်။)
		အိမ်ငေါင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၄	၂	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၄	၅	၄၈	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၉၀	၁၅၄		မြင့်□လတ်□နိမ့်☑
	စုစုပေါင်း				☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။ **"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါ

လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။အခွင်းကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အဓိကဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူအိမ်ထောင်စု(၂၁)အိမ်၊ ရေလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ကိုင်သော အိမ်ထောင်စု(၁၃)အိမ်ရှိပြီး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ(၃)အိမ်၊ ဆောက်လုပ်ရေး၊ လက်သမား/ပန်းရံလုပ်ကိုင်သည့်အိမ်ထောင်စု(၄)အိမ်၊ ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု(၄)အိမ်၊ ကျပန်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု(၄)အိမ်နှင့် ပြင်ပအဖွဲ့အစည်း ကုမ္ပဏီ(ငါးစည်သွပ်)စက်ရုံတွင်အလုပ်လုပ်ကိုင်သည့်အိမ်ထောင်စု(၉၀)အိမ်ရှိပါသည်။ကျေးရွာတွင်ရှိ သည့် OK ဆန်စက်ရုံနှင့်ငါးစည်သွပ်စက်ရုံတွင်အလုပ်လုပ်သည့်အိမ်ထောင်စုများပြားပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈,၀၀၀	၆,၀၀၀	၇,၀၀၀	၅,၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၇၀၀၀	၆၀၀၀	၆၀၀၀	၅၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅,၀၀၀	-	၇,၀၀၀	၅,၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။အဒ္ဒင်းကျေးရွာတွင်လယ်ယာစိုက်ပျိုးရေး (လယ်) လုပ်ငန်းတွင် နေ့စား ပုတ်ပြတ်အလုပ်လုပ်သူများကိုဆိုလိုသည်။တစ်နေ့တွင်အမျိုးသား(၈၀၀၀)၊အမျိုးသမီး(၅၀၀၀)ကျပ် ရရှိပါသည်။ပန်းရံလုပ်ကိုင်သူများတွင်အမျိုးသား(၁၅၀၀၀)၊အမျိုးသမီး (၅၀၀၀) ကျပ်ခန့် ရရှိပါသည်။ ထိုကြောင့် ကျေးရွာတွင်နေ့စားအလုပ်လုပ်သူနှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူများရှိသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်လိုအပ်လျက်ရှိပြီးအမျိုးသားများနှင့်အမျိုးသမီးများ၏လုပ်အား ခသည်တန်းတူမရသည့်အတွက် အမျိုးသမီးဦးစီးသည့်အိမ်ထောင်စုမိသားစုသည်စားဝတ်နေရေး မဖူလုံမှုများရှိနေပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၈၀	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၄	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၀၆	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၉၀	☒		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့် လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။အဒ္ဒင်းကျေးရွာတွင်လယ်မြေစိုက်ကေ အသင့်တင့်ရှိသော်လည်း မြေဆီလွှာ ပျက်စီးခြင်း၊ဆားငန်ရေဝင်ရောက်ခြင်း၊ပိုးမွှားရောဂါကျရောက်ခြင်းများရှိပြီးစိုက်ပျိုးမြေများမချဲ့ထွင် နိုင်ခြင်း၊စိုက်ပျိုးရေးနည်းစနစ်များမမှန်ကန်ခြင်း၊နည်းပညာအားနည်းခြင်း၊ဈေးကွက်လက်လှမ်းမီမှုမ ရှိခြင်းနှင့်ရော်ဘာဈေးနှုန်းကျဆင်းနေခြင်းစသည့်အခက်အခဲများရှိနေသည့်အတွက်စိုက်ပျိုးရေးနည်း ပညာပေးသင်တန်းများလိုအပ်လျက်ရှိနေပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ☐ သင့်☐ နည်း☑မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☐ မရှိ☑	☒

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။အဒွင်းကျေးရွာတွင်သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများနှင့်သဘာဝတိရစ္ဆာန်မျိုးစိတ်များထွက်ရှိမှုမရှိသည်အတွက် အခြားနေရာမှဝယ်ယူအသုံးပြုနေရပြီးသသဘာဝအပင်မျိုးစိတ်များ၊ကျောက်၊သဲ၊ကျောက်စရစ်ထွက်ရှိမှုအနည်းအကျဉ်းရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသောအိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သောအိမ်ထောင်စု	အလွန်မပြေလည်ေသာအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား(ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၄၀	၄၄	၃၅	၂၀

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။အဒွင်းကျေးရွာတွင်ကျေးရွာအိမ်ထောင်စု၏(၄၀)အိမ်သည်အဆင်ပြေသောအိမ်ထောင်စုများဖြစ်ကြပြီးအလယ်အလတ်ရှိသောအိမ်ထောင်စုမှာ (၄၄)အိမ်ရှိ၍ မပြေလည်သောအိမ်ထောင်စုမှာ(၃၅)အိမ်ရှိပြီးအလွန်မပြေလည်သောအိမ်ထောင်စုမှာ(၂၀)အိမ်ရှိသည့်အတွက်ထိုအိမ်ထောင်စုများမှာနေ့စားကျပန်းလုပ်ငန်းလုပ်ကိုင်သူနှင့်စက်ရုံအလုပ်ရုံတွင်လုပ်ကိုင်သည့်အိမ်ထောင်စုများဖြစ်ပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၁၇	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = __၁၇_____ လုပ်အားခကြိုယူ= _____
၃လနှင့်ဖြလကြားဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
ဖြလမှ၁၂လအထိဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။အဒွင်းကျေးရွာတွင်အိမ်ထောင်စု(၁၇)အိမ်သည်ဝမ်းစာဖူလုံမှုအတွက်ချေးငှေယူ၍မိသားစုစားဝတ်နေရေးကိုဖြေရှင်းကြရပါသည်။ ဝမ်းစာဖူလုံမှုအခြေအနေအတွက်အခြားအစာပြောင်းလဲစားသောက်ရသည့်အခြေအနေမျိုးမကြုံတွေ့ရပါ။ အခက်အခဲပေါ်ပေါက်လာပါကဆွေမျိုး/မိတ်ဆွတို့ထံမှချေးငှေယူ၍ဖြေရှင်းကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်	-		

အကြောင်းအရာ	ကျား	မ	ပေါင်း
အိမ်ထောင်စု			

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။အဒွင်းကျေးရွာတွင်မိသားစုစောင့်ရှောက်မှာမရှိသောသက်ကြီးရွယ်အိုများမရှိပါ။ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုနှင့်မုဆိုးဖို/တစ်ခုလပ်ဦးဆောင်သောအိမ်ထောင်စုများလည်းမရှိပါ။အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စုမရှိပါ။သို့ရာတွင်ကျေးရွာ၌အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု (၁၈)စုရှိပါသည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် □လတ် □နိမ့်☑မရှိ □
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေစိုက်ပျိုးရေ)	မြင့် □လတ် ☑နိမ့်□မရှိ □
၃	ရေကြီးခြင်း	မြင့် □ လတ် □ နိမ့်□ မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် □ လတ် □ နိမ့်□ မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် □ လတ် □ နိမ့်□ မရှိ ☑
၆	မုန်တိုင်း	မြင့် □ လတ် □ နိမ့်□ မရှိ ☑
၇	ငလျင်	မြင့် □ လတ် □ နိမ့်□ မရှိ ☑
၈	မီးဘေး	မြင့် □ လတ် □ နိမ့်□ မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် □ လတ် □ နိမ့်☑ မရှိ □
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် □ လတ် □ နိမ့်☑မရှိ □
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☑လတ် □နိမ့်□မရှိ □
၁၂	၄က်ဖျားရောဂါ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၃	တီဘီရောဂါ	မြင့် □လတ် □နိမ့်☑မရှိ □
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □ လတ် □ နိမ့်□ မရှိ ☑
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် □ လတ် □ နိမ့်□ မရှိ ☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် □ လတ် □ နိမ့်□ မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် □ လတ် □ နိမ့်☑ မရှိ □
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် □ လတ် □ နိမ့်□ မရှိ ☑

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။အဒွင်းကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံမှုမှာအနည်းအကျဉ်းသာရှိ၍သဘာဝအရင်းအမြစ်ထွက်ရှိမှုရှားပါးသည့်ကျေးရွာဖြစ်ပါသည်။သဘာဝအရင်းအမြစ်စိုက်ပျိုးမြေ/ရေရှားပါးပါသည်။မိုးခေါင်ခြင်း၊အအေးလွန်ကဲခြင်း၊မုန်တိုင်းကျရောက်ခြင်း၊ငလျင်လှုပ်ခြင်း၊မြေပြိုခြင်းများမရှိပါ။ဆားငန်ရေဝင်ရောက်မှုရှိပြီးလယ်ယာမြေများပျက်စီးဆုံးရှုံးခြင်းများဖြစ်ပေါ်လျက်ရှိပါသည်။ကိုယ်ခံ

အားကျဆင်းမှုရောဂါနှင့်ဌက်ဖျားရောဂါကျရောက်မှုမရှိပါ။ တီဘီရောဂါဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ ထိုကြောင့်ကျန်းမာရေးနှင့်သက်ဆိုင်သည့်ဟောပြောပွဲများပြုလုပ်ပေးရန်လိုအပ်နေပါသည်။ တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှုရှိသည့်အတွက် မွေး/ကုဋ္ဌီးစီးဌာနမှဆရာဝန်များနှင့်ချိတ်ဆက်ရမည့်နည်းပညာနှင့်သင်တန်းများလိုအပ်လျက်ရှိပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ေ ောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၁၈	နေရပ်ပြန်အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။အဒွင်းကျေးရွာတွင်အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုများ၊မြေယာမဲ့ဆင်းရဲသားတောင်သူများမှာ သဘာဝအရင်းအမြစ်များရှားပါးသည့်အတွက် ကျပန်းအလုပ်များလုပ်ကိုင်နေရပြီး လှည့်လည်သွားလာ၍ ဈေးရောင်းသူများ၊ ဆေးစွဲသူများနှင့်ရွှေ့ပြောင်းလုပ်သားများလည်းရှိသည့်အတွက်ကျေးရွာတွင်အန္တရာယ်တစ်ခုခုနှင့်ကြုံတွေ့လာပါကထိခိုက်သက်ရောက်မှုခံရနိုင်ပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိ/ဖအဖွဲ့	၁□၂□၃☑	၇	-	၇	ပညာရေး□ဌေကြေး☑ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၂	အုပ်ချုပ်ရေးအဖွဲ့	၁□၂□၃☑	၁၁		၁၁	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□
